**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

သလေ လဆန်း (၁) ရက် ၂၇၆၁ ခုနှစ်
ဇန္နဝါရီလ (၂) ရက်၊ ၂၀၂၂ ခုနှစ်

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ ၂၇၆၁ ခုနှစ် ကရင့်အမျိုးသား နှစ်သစ်ကူးနေ့သို့ ပေးပို့သော သဝဏ်လွှာ**

ယနေ့ ဇန္နဝါရီလ (၂) ရက်၊ ၂၀၂၂ ခုနှစ်သည် သလေ လဆန်း (၁) ရက် ၂၇၆၁ ခုနှစ်မြောက် **ကရင့်အမျိုးသားလုံးဆိုင်ရာ နှစ်သစ်ကူးနေ့** ဖြစ်ပါသည်။ ယခုကဲ့သို့သော **ကရင့်အမျိုးသားလုံးဆိုင်ရာ နှစ်သစ်ကူးနေ့** အခါသမယတွင် ကရင်အမျိုးသားများနှင့် နိုင်ငံအဝှမ်း ပြည်သူလူထုအပေါင်း စိတ်ဓာတ် ခွန်အားများ ခိုင်မာခြင်း နှင့်စည်းလုံးညီညွတ်ခြင်း အပြင် ရန်သူမျိုးအပေါင်းအား အောင်မြင်နိုင်ပြီးကြွယ်ဝမှုအပေါင်းနှင့် ပြည့်စုံပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ကရင့်အမျိုးသား အပေါင်းတို့**

**ကရင်အမျိုးသားလုံးဆိုင်ရာ နှစ်သစ်ကူးနေ့** သည် ကရင် အမျိုးသားများ၏ ယဉ်ကျေးမှု၊ ဘဝ၊ ဓလေ့၊ ထုံးတမ်းစဉ်လာများသည် အမျိုးသား လက္ခဏာ တစ်ရပ်ဖြစ်ပါသည်။ ဤ **ကရင် အမျိုးသားလုံးဆိုင်ရာ နှစ်သစ်ကူးနေ့** သည် အမျှော်အမြင် ကြီးမားသော ကရင်အမျိုးသား ခေါင်းဆောင်ကြီး များ၏ ကြိုးပမ်းအား ထုတ်မှုများကြောင့် အင်္ဂလိပ် အစိုးရ လက်ထက်ကတည်းကအသိအမှတ်ပြုမှုခံခဲ့ရသည့် ခေါင်းဆောင်ကြီး များ၏ အမွေအနှစ် ဖြစ်ပါသည်။ ထို့ကြောင့်၊ **ကရင့် အမျိုးသားလုံးဆိုင်ရာ နှစ်သစ်ကူးနေ့**သည် ကရင်အမျိုး သားများအတွက် ကြီးမြတ်သော အမွေအနှစ် ဖြစ်ပြီး သားစဉ်မြေးဆက် ဆက်လက် ထိန်းသိမ်း ဂုဏ်ပြုရမည့် နေ့တနေ့ ဖြစ်ပါသည်။

မိမိတို့ ကရင် အမျိုးသားများသည် အမျိုးသား သမိုင်းနှင့် အမျိုးသား လက္ခဏာများ ဖြစ်သည့် စကား၊ စာပေ၊ ရိုးရာ၊ ဓလေ့နှင့် ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ်များ အပြည့်အဝ ရှိပါသည်။ လူမျိုး တစ်မျိုး ဖြစ်သည့် မိမိတို့ ကရင့်အမျိုးသားသည် လူမျိုးတစ်မျိုးအဖြစ် အစဉ်ထာဝရ ဆက်လက်ရှင်သန် ရပ်တည်ပြီး အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အနာဂါတ် မျိုးဆက်သစ်များမှ မိမိတို့၏ အမျိုးသား လက္ခဏာ ရပ်များကို အစဉ်ထာဝရ လက်ဆင့်ကမ်းရမည့် တာဝန်ရှိပါသည်။ ခေတ်နှင့်အညီ မိမိတို့၏ အမျိုးသား လက္ခဏာရပ်များကို ထိန်းသိမ်းမြင့်တင်ရပါမည်။

ထို့နည်းတူစွာပင်၊ မိမိတို့ ကရင့်အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဂင့်ဂင့် ကြွား ကြွား ပေါ်လွင်စေနိုင်ရေးတွက် တာဝန်ဝတ္တရားများသည် ကရင်အမျိုးသားတိုင်း၏ တာဝန်ဖြစ်ပါ သည်။ လူမျိုးတစ်မျိုး အနေဖြင့် နိုးနိုးကြားကြား ရှင်သန်နေကြပြီး ဖွံ့ဖြိုးတိုးတက်လိုစိတ်များ ထာဝစဉ် ကိန်းအောင်း နေရန် အထူး လိုအပ်ပါသည်။ ထို့အပြင်၊ မိမိအမျိုးသားများ၏ ဘဝ အသက်တာတွင် ကြိုးပမ်းအားထုတ်

နေမှုများ၊ စည်းလုံးညီညွတ်မှုနှင့် တစ်လုံးတဂတည်းသော စိတ်ဖြင့် ပူးပေါင်းလုပ် ဆောင်နိုင်မှုများသည် လူမျိုးတစ်မျိုး အနေဖြင့် ထာဂစဉ်ထာဂရ ရှင်သန်နိုင်ရန် အလွန်တရာ အရေးကြီးသည့် အချက်များဖြစ်ပါသည်။

**ကရင့်အမျိုးသား အပေါင်းတို့**

လူမျိုးတစ်မျိုး၏ ထာဂရရပ်တည်ခြင်း၊ ရှင်သန်နိုင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းများသည် သက်ဆိုင်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေက ထိုလူမျိုး၏ စကား၊ စာပေ၊ ရိုးရာ၊ ဓလေ့နှင့် ယဉ်ကျေးမှုများကို လေးစားအသိအမှတ်ပြုခြင်းများနှင့်လည်း တိုက်ရိုက် သက်ဆိုင်ပါသည်။ ဆိုလိုသည်မှာ နောက်ခံသမိုင်း၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုများ မတူကွဲပြားလျက်ရှိသော နိုင်ငံ တစ်နိုင်ငံ အနေဖြင့် ထိုမတူကွဲပြားမှုများကို အသိအမှတ်ပြုလျက် လေးစားတန်ဖိုးထားပြီး နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၌ ရေးဆွဲပြဋ္ဌာန်းထားရပါမည်။ သို့ရာတွင်၊ မိမိတို့ နိုင်ငံ၌ မတူကွဲပြားလျက်ရှိသော ယဉ်ကျေးမှုနှင့် အမျိုးသား လက္ခဏာများကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၌ အသိအမှတ်ပြုမှု၊ ရှိသင့်ရှိ ထိုက်သော အခွင့်အရေးများ နှင့်ထိန်းသိမ်းမြှင့်တင်မှုများအား လုပ်ဆောင်ခြင်းများ မရှိသည့်အပြင် ထိုမတူကွဲပြာလျက်ရှိသည့် အခြားသော လူမျိုးများအား ပပျောက်စေရန် ရည်ရွယ်ပြီး ဖိနှိပ်မှုများနှင့် လျှို့ဂှက်သည့် ကြံစည်အားထုတ်များမှုကို အစဉ်တစိုက် လုပ်ဆောင်လျှက်ရှိပါသည်။

**ကရင့်အမျိုးသား အပေါင်းတို့**

ဖိနှိပ်မှုများနှင့် မတရားမှုများသည် တန်းတူရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ် မပြုတတ်သော အကျိုးဆက်သာ ဖြစ်ပါသည်။ ထို့အပြင်၊ လူမျိုး တစ်မျိုးနှင့် တစ်မျိုးအကြား၊ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ ပြည်သူလူထုအကြား ပဋိပက္ခနှင့် မသင့်မြတ်မှုများကို ဖြစ်ပေါ်စေပါသည်။ မတူကွဲပြားလျက်ရှိသော အခွင့်အရေးများ၊ နိုင်ငံရေး ပြဿနာနှင့် မသင့်မြတ်မှုများကို ဖြေရှင်းနိုင်မည့် အကောင်းဆုံးသော နည်းလမ်းသည် နိုင်ငံရေးအရ ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာသည့် နည်းလမ်းပင် ဖြစ်ပါသည်။ နိုင်ငံရေး နည်းလမ်းအရ အဖြေရှာနိုင်ရန်အတွက်လည်း ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အနေဖြင့် ခေတ် အဆက်ဆက် တောင်းဆိုလာခဲ့ပါသည်။ သို့ရာတွင်၊ ခေတ်အဆက် ဆက်သော အုပ်ချုပ်သူများ အနေဖြင့် နိုင်ငံရေး ဆန္ဒနှင့် ကောင်းမွန်သည့် နိုင်ငံရေး အတွေးအမြင်များ မရှိခဲ့ကြပါ။

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အနေဖြင့် အပစ်အခတ် ရပ်စဲပြီး နိုင်ငံရေး ပြဿနာများကို တွေ့ဆုံဖြေရှင်းနိုင်ခြင်း မရှိပါက ပြည်တွင်း ငြိမ်းချမ်းရေးကို လုံးဂ တည်ဆောက်နိုင်မည် မဟုတ်သည်ကို နားလည်ထားပါသည်။ ထို့ကြောင့်၊ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ အပစ်အခတ် ရပ်စဲရေးနှင့် နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် အေးချမ်းစွာ တွေ့ဆုံဆွေးနွေး နိုင်ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေး၊ ပြည်သူလူထု သာယာဂပြောရေး နှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ငြိမ်းချမ်းမှု တည်ဆောက်ရေးများကို အချိန်နှင့် ငွေကုန်ကြေးကျများစွာ ရင်းနှီးခဲ့ပြီး ကြိုးပမ်းအားထုတ်ခဲ့ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား ခုခံတော်လှန် ရေး အဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် အကောင်းဆုံး ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ ပြည်သူလူထု နှင့် နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ကူညီ ထောက်ပံ့မှု များနှင့် ပူးပေါင်းလုပ်ဆောင်မှုများကို များစွာ ပံ့ပိုးပေးခဲ့ပါသည်။ သို့ရာတွင်၊ စစ်တပ်မှ အသစ်တဖန် အာဏာ သိမ်းယူခဲ့သောကြောင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ကြိုးပမ်း အားထုတ်ခဲ့မှုများလည်း အလဟဿ ဖြစ်ပေါ်ခဲ့ရပါသည်။ ထို့ကြောင့်၊ စစ်အာဏာရှင်များမှ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းနှင့် မှန်ကန်သော စိတ်စေတနာဖြင့် ဖြေရှင်းလိုစိတ်များ ကင်းဂေးနေသမျှ ကာလပတ်လုံး နိုင်ငံရေးအရ စစ်မှန် သော တွေ့ဆုံဆွေးနွေးရေးနှင့် ပြင်တွင်း ငြိမ်းချမ်းမှု တည်ဆောက်ရေး

ကြိုးပမ်းမှုများသည်လည်း မည့်သို့မှု ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပေ။ နိုင်ငံအပုဗ်းရှိ ပြည်သူလူထုများ အထူးသဖြင့်မျိုးဆက်သစ် လူငယ်လူရွယ် များ အနေဖြင့်လည်း ဤကဲ့သို့သော ပကတိ အခြေအနေနှင့် အဖြစ်မှန်များကို နားလည်သဘောပေါက်လာ ကြပြီး လက်နက်ကိုင် ခုခံတိုက်ပွဲ ဝင်နေကြသည်မှာ မျက်ဂါးထင်ထင် တွေ့ရှိနေကြရပါပြီ။

## ကရင့်အမျိုးသား အပေါင်းတို့

လူမျိုးတစ်မျိုး အနေဖြင့် လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာ၊ လူမျိုးတစ်မျိုး၏ ဂုဏ်အင်္ဂါရပ်များနှင့် ပြီးပြည့်စုံပြီး ခေတ်နှင့် အညီ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ဘာသာတရားကိုင်းရှိုင်းပြီး ရိုးသားဖြောင့် မတ်စွာ ကျင့်ကြံခြင်း၊ ခေတ်၏ တတ်သိပညာများကို ဆီးပူးရယူခြင်း နှင့် ဘဝ အသက်တာတွင် ကြိုးစား အားထုတ်ရုံ ဖြင့် မလုံလောက်ပေ။ အတင်းအဓမ္မ လုယူထားခြင်း ခံနေရသော မိမိတို့၏ အခွင့်အရေးများကို ပြန်လည်ရ ယူပြီး မိမိတို့ အမျိုးသားများ၏ အခွင့်အရေးများနှင့် မိမိတို့ အမျိုးသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီး ဖြစ်နေသည့် မတရားသည့် နိုင်ငံရေး စနစ်များကို မဝိုတ်မသုန် တွန်းလှန်တိုက်ဖျက်ကြရ ပါမည်။ ထို့အပြင်၊ အယောက်စီတိုင်း မိမိတို့၏ ကျရာ အခန်း ကဏ္ဍသီးသီးတွင် မိမိတို့ အမျိုးသားများ၏ ဘဝအနာဂါတ် လုပရေး နှင့်မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါ လက္ခဏာရပ်များကို တိုက်ခိုက်ဖျက်ဆီးလာ မည့် ရန်သူမျိုးအပေါင်းမှ ခုခံတွန်းလှန်ကြရပါ မည်။

ထို့ကြောင့်၊ ယခုလက်ရှိ ဖြစ်ပေါ်နေသော အကြောင်းတရားများကြောင့် မိမိတို့ ကရင်အမျိုးသား အဖွဲ့အစည်းအားလုံးသည် မိမိတို့၏ အမျိုးသားရေးအတွက် မားမားမတ်မတ် ရပ်တည်ပြီး ကရင် အမျိုးသား များ၏ အနာဂါတ်ဘဝ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲညီညီ ကြိုးပမ်း အားထုတ်ကြရ ပါမည်။ လက်ရှိ ဖြစ်ပေါ်နေသော နိုင်ငံရေး အခြေအနေ၌ မိမိကိုယ်ကို ကရင် အမျိုးသား ဟု ခံယူနေကြ သည့် ကရင်အမျိုးသားတိုင်း၊ ကရင်အမျိုးသား အဖွဲ့အစည်းတိုင်း ကရင်အမျိုးသား အကျိုးစီးပွါးအတွက် ကြိုးပမ်းအားထုတ်ကြရပါမည်။

## ကရင့်အမျိုးသား အပေါင်းတို့

ယနေ့ **ကရင့်အမျိုးသားလုံးဆိုင်ရာ နှစ်သစ်ကူးနေ့** ကို ဂုဏ်ပြုကျင်းပနေကြသော ကရင်အမျိုး သားများသည် ကရင်အမျိုးသား စိတ်ဓာတ်နှင့် ခိုင်မာသည့် အမျိုးသား စိတ်ဓာတ်များကို မွေးမြူးကြပြီး စည်းလုံးညီညွတ်ခြင်း အပြင် အကြောက်တရားများကိုလည်း အောင်မြင်နိုင်ကြပါစေ။ ပြည်တွင်း၊ ပြည်ပနှင့် နိုင်ငံ အသီးသီးတွင် နေထိုင်၊ ရောက်ရှိနေကြသော ကရင်မျိုးသားများ အနေဖြင့် **တစ်ခုတည်းသော ကရင့် အမျိုးသား အလံတော်** အောက်တွင် သစ္စာတိုင်တည်ကြပြီး၊ အမျိုးသားခြင်း သစ္စာရှိကြပါ။ ကရင်အမျိုးသား အယောက်စီတိုင်း မိမိတို့၏ ကျရာအခန်း ကဏ္ဍအသီးသီးတွင် အမျိုး သားရေး တာဝန်များကို အောင်မြင်ပြီးဆုံးသည်အထိ ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ၂၇၆၁ ခုနှစ် ကရင့်အမျိုးသား နှစ်သစ်တွင် နိုင်ငံသူနိုင်ငံသား အပေါင်းနှင့် ပြည်သူလူထုအားလုံး ဘေးရန်အပေါင်း ကို အောင်မြင်နိုင်ကြပါစေ။

**ဥက္ကဌ**<br>
**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**<br>
**ဗဟို**<br>
**ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး**